မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

Burmese Christian Fellowship

# Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 8/Issue 7/ July / 2015*




**ကောင်းကင်ဘုံရှင်အဖပေးသော နာခံရန်အခွင့်အရေး၊ သက်ရှင်လမ်းပြသူ သခင်ယေရှု၏လမ်းညွှန်နှင့် နာခံရန်တန်ခိုးပေးမစသည့် သန့်ရှင်းသောဝိညာဉ်တော် တို့ကို အထူးကျေးဇူးတင်ရှိလျက် . ။**

ငယ်စဉ်က၊ မိဘ၏လက်အောက်ဝယ် မှီခိုသူအဖြစ် နေထိုင်ရစဉ်၊ ငွေကြေးအဖြစ် ပိုက်ဆံတစ်ပြားမှ မပေးရသော်ငြားလည်း ပေးရသည့် တစ်ခုတည်းသော အခမှာ **“နာခံခြင်း”** ဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စကားပြောဆိုယဉ်ကျေးမှု၊ မုသာကိုမပြောရန်၊ ဘုရားကျောင်းသွားရန် စသည့်စည်းကမ်းများကို နာခံရပါသည်။ ထိုစည်းကမ်းများက ခက်ခဲသော ကိစ္စမဟုတ်ငြားလည်း ကျွန်ုပ်တို့အနေဖြင့် နာခံမှုမှလွဲချော်တတ်ပါ၏။ မနာခံခဲ့သော် မိဘများကလည်း အိမ်ပေါ်မှ မဆင်းခိုင်းပါ၊ မနှင်ချပါ။ ၎င်းသည် ကျွန်ုပ်တို့ကို အကာအကွယ်ပေးရန်၊ ဘေးဥပါဒ်များ မကျရောက်စေရန် ထပ်ခါ တလဲလဲ သတိပေးခြင်း ဖြစ်ပါသည်။ တခါတရံ မိမိတို့၏စိတ်အလိုကို မလိုက်မိရလေအောင် စည်းကမ်းကို ပေးရခြင်းသာဖြစ်ပေသည်။

သမ္မာကျမ်းစာထဲ၌၊ လူမျိုးတော်ကို ကတိထားရာပြည်သို့ ဝင်ရောက်နေထိုင်ရာ၌ ပေးရမည့် အဖိုးအခမှာ ထို‘နာခံခြင်း’ပင်ဖြစ်သည်။ မောရှေက လူမျိုးတော်တို့အား နောက်ဆုံးမိန့်မှာရာ၌ ထာဝရဘုရား၏ ကောင်းကြီးသည် ၎င်းတို့၏ နာခံမှုပေါ်၌ တည်နေကြောင်း သတိပေးခဲ့ပါသည်။ (တရားဟော၊ ၃၀း၁၆) ပြည့်ဝစုံလင်သော အသက်တာ ဟုတ်/မဟုတ် နာခံခြင်းအားဖြင့် တိုင်းတာဆုံးဖြတ်မည်ဖြစ်ကြောင်း “သင်၏ဘုရားသခင် ထာဝရဘုရား နှစ်သက်မြတ်နိုးသောအမှုကို ပြုသဖြင့် ကိုယ်တိုင်မှစ၍ သားမြေး အစဉ်အဆက်တို့သည် ချမ်းသာစွာ နေရမည့်အကြောင်း ငါမှာထားသမျှသော ဤစကားတို့ကို နားထောင်၍ စောင့်ရှောက်လော့” ဟု အစကတည်းကပင် မောရှေပြောခဲ့သည်။ သမ္မာကျမ်းစာက ဆောင်ရန်/ရှောင်ရန် စည်းကမ်းချက်များနှင့်ပြည့်နေသည်ဟူ၍ လူအချို့က မှတ်ယူကြသည်။ ဘုရားရှင်၏ အမိန့်တော်များသည် ကျွန်ုပ်တို့၏ ကောင်းကျိုးအတွက်သာဖြစ်ကြောင်းကို သိမှတ်စေချင်ပါသည်။

အချင်းချင်းသင့်မြတ်စွာနေနိုင်ရန်နှင့် ကိုယ်တော် ဖန်ဆင်းထားသည့် အံ့ဖွယ်ကမ္ဘာမြေကြီးပေါ်၌ ဘုရားသခင်၏ မိသားစုဝင် ဖြစ်ခြင်းကြောင့် ပေးရသည့် အဖိုးအခမှုကား ‘နာခံခြင်း’ ပေတည်း။

တရား၊ ၃၀း၂၀ = သင်နှင့် သင့်အမျိုးအနွယ်သည် အသက်ရှင်မည်အကြောင်း .. သင်၏ ဘုရားသခင် ထာဝရဘုရားကိုချစ်၍ စကားတော်ကို နားထောင်သဖြင့်၊ အသက်ရှင်ခြင်းအကျိုး၊ အသက်တာရှည်ခြင်းအကျိုးကို ပေးတော်မူသော ကိုယ်တော်ကို ဆည်းကပ်မှီဝဲမည် အကြောင်း .. ထာဝရဘုရားသည် သင်၏ဘိုးဘေး အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်၌နေမည်အကြောင်းနှင့် ယှဉ်သောအသက်တရားကို ရွေးယူလော့။

ကျွန်ုပ်တို့သစ္စာရှိရှိ လုပ်ဆောင်ရန်မှာ ဘုရားသခင် ထာဝရဘုရားကို ချစ်၍၊ ဆည်းကပ်မှီဝဲလျက်၊ ဝမ်းမြောက်ခြင်းနှင့်ပြည့်သော ထာဝရသက်တာ လမ်းညွှန်တည်းဟူသော နှုတ်ကပါတ်စကားတော်ကို နေ့ညမပြတ် ဖတ်ရှုဆင်ခြင်ပြီး ထိုစကားတော်ကို စိတ်နှလုံးအကြွင်းမဲ့ ‘နာခံခြင်း’ နှင့်အတူ ‘လိုက်လျှောက်ရန်’ဖြစ်ပါကြောင်း အချင်းချင်း သတိပေးနှိုးဆော်ပါ၏။

သို့မှသာ ကျွန်ုပ်တို့သည် ပြုလေရာရာ၌ အောင်မည်။ လူမျိုးတကာတို့ထက် ကျွန်ုပ်တို့ကို ချီးမြှောက်တော်မူမည်။ ကျွန်ုပ်တို့အား ပေးထားသော ဆုကျေးဇူးများဖြင့် ကောင်းကြီးမင်္ဂလာဖြစ်စေမည်။




*" I have set before you*
*LIFE and DEATH, BLESSING and CURSING:*
*Now ... CHOOSE LIFE*
*So that You and your children may live".*

# 2015, July Events

## Independence Day




## Graduates' Sunday




## BCF Annual Youth Sunday




*Every Sunday Worship Service at 2:00PM, St. Luke's Episcopal Church.122 S. California Ave. Monrovia, CA 91016*

7/ 05/ 2015 … Holy Communion

7/ 12/ 2015 … B.C.F. Official Board Meeting

7/ 19/ 2015 … Regular Sunday

~ ၂၀၁၅/ဇူလိုင်/၂၆/တွင် ကျင်းပမည့် လူငယ်များနေ့ကို ရည်မှန်းလျက် ~

## ငြိမ်းချမ်းရေးသို့ – တက္ကသိုလ်–ညိုဝင်း

မောင်ခရစ်ယာန်လူငယ် .. မယ်ခရစ်ယာန်လူငယ်
မကြုံစဘူးအခွင့်ထူးကြီးသည်
သင့်ရှေ့မှောက်သို့ ယနေ့ပင် ကျရောက်၍ နေပေပြီ။

စူးရှသောသင်၏အာရုံဖြင့်
လောကသားတို့ ကျယ်လောင်စွာ
တောင့်တနေသံကို သုံးသပ်ပါလော့။

ဆာလောင်မွတ်သိမ့်စွာဖြင့်
ငြိမ်းချမ်းရေးကို တောင့်တသံတို့သည်
မိုးအောက်မြေပြင်တွင် ကမ္ဘာတစွန်း မှ တစွန်းသို့
ပဲ့တင်ထပ်ခါ မရပ်မနား လူးလာပျံသန်းနေ၏။

သို့ဆိုလိုက်လျှင် ....
သင် .. ဆီးကပ်ကိုးကွယ်ရာ ကားတိုင်တော်တရားကို
သင် .. ချက်ခြင်း သတိရ ပေလိမ့်မည်။

မှန်ပေ၏၊
နေ့ရက်အချိန်ညောင်း၍၊ ကမ္ဘာအသွင်ပြောင်းခဲ့သော်လည်း၊
ထာဝရအမြဲ သစ်လွင်၍ ပြောင်းလဲခြင်းမရှိ၊
ပကတိတည်နေသော ထိုတရားတော်ကား မြင့်မြတ်လှပေစွ။

ထိုတရားတော်သည်သာလျှင်၊
လူသားတို့ပြင်းပြစွာ တောင့်တနေသော ငြိမ်းချမ်းရေးကို
ပေးနိုင်စွမ်းမည် မဟုတ်ပါလော။

ထို့ကြောင့်
သင်ရှိနေရာ ပတ်ဝန်းကျင်၌ သင်ယုံကြည်ကိုးကွယ်ရာ
ကားတိုင်တော်အရှင် ၏ငြိမ်းချမ်းရေး တရားတော်ကို
အမြဲတစေ ကျင့်သုံး လေ့လာ ဟောပြောပါလော့။

ဤသို့လျှင်၊
သင်..ယုံကြည်ကိုးကွယ် အထွတ်အမြတ်ထားသည့်
ကားတိုင်တော်၏ လင်းရောင်ခြည်သည် ဘဝင်အထိ ကွန့်မြူးလျက်
မြေကြီးပေါ်၌ ငြိမ်သက်ခြင်း ရှိစေအံ့သတည်း။ ~ ~



# ဆံပင်ညှပ်ဆိုင်



ရဲနိုင်ရှင်း (St. Paul)

တနေ့တွင် လူတစ်ယောက်သည် သူ၏ ဆံပင်နှင့်မုတ်ဆိတ်မွေးများကို ကြည့်လို့လှသွားအောင် ပြုပြင်မှုလုပ်ရန် ဆံပင်ညှပ်ဆိုင်သို့ သွားသည်။ ဆိုင်တွင် ဆံပင်ညှပ်သမားက ထိုလူအား ဆံပင်နှင့်မုတ်ဆိတ် ညှပ်ပေးနေစဉ် ၊ နိုင်ငံသတင်း၊ ကမ္ဘာ့သတင်း၊ အပါအဝင် အကြောင်းအရာအတော်များများ ပြောဆိုဖြစ်ကြသည်။ ထိုသို့ ပြောဆိုနေစဉ် ၊ သူတို့နှစ်ယောက် ဘုရားဆိုတာ အမှန်တကယ် ရှိလား!.... မရှိဘူးလား!.... ဆိုတဲ့ အကြောင်းကို စကားစပ်မိသည်။

ဆံပင်ညှပ်သမားက .. "ကျွန်တော်ကတော့ ဘုရား တကယ်ရှိတယ်ဆိုတာ .. မယုံဘူး။" လို့ပြောလိုက်သည်။
ထိုလူက .. "ဘာဖြစ်လို့ အဲဒီလို ပြောတာလဲ။" ဟု ပြန်မေးရာ –
ဆံပင်ညှပ်သမားက .. " အခု ခင်ဗျား ဒီဆိုင်ထဲကနေ လမ်းမပေါ်ကို ထွက်ပြီး လမ်းလျှောက်ကြည့်ပါ။ ဘုရား တကယ်မရှိဘူးဆိုတာကို ခင်ဗျား အမှန်သိရမှာဘဲ။" ဆက်လက်ပြီး –

"ခင်ဗျား .. ကျွန်တော့်ကို ပြောဗျာ၊ အကယ်၍သာ ဘုရား တကယ်ရှိတယ် ဆိုရင် ဘာဖြစ်လို့များ ဖျားနာသူတွေ၊ ရောဂါတွေနဲ့ပြည့်နှက်နေတဲ့သူတွေ တပုံကြီး၊ မိဘမဲ့ကလေးတွေက နေရာတကာမှာဗျာ၊ အကယ်၍သာ ဘုရား တကယ်ရှိတယ်ဆိုရင် ဒီလိုမျိုး ဒုက္ခရောက်သူတွေ၊ ဝေဒနာခံစားရသူတွေ ရှိပါ့မလား။ ဘုရားဟာ လူတွေကို ချစ်တယ်ဆိုရင် အခုလို စိတ်ဆင်းရဲစရာတွေ၊ ဝမ်းနည်းစရာတွေ၊ ရှိမှာမဟုတ်ဘူးလို့ ကျွန်တော် စိတ်ကူးကြည့်မိတယ်ဗျာ။" လို့ပြန်ဖြေလိုက်သည်။

ထိုလူက ဘာတစ်ခွန်းမျှ ပြန်မပြော၊ ပြန်မဖြေဘဲ ခဏငြိမ်ငြိမ်လေး ထိုင်ကာ .. ဆံပင်ညှပ်သမားကို ဘာမှတုန့်ပြန်မှု မပေးပါ။ ဆံပင်ညှပ်၍ ပြီးသွားသောအခါ၊ ဆိုင်ထဲမှထွက်ပြီး လမ်းမပေါ်သို့လျှောက်သွားစဉ် ဆံပင်ရှည်ရှည်နှင့် လူတစ်ယောက်ကို သူ..တွေ့မိသည်။ ထိုလူသည် ညစ်ညစ်ပေပေနှင့် ဆံပင်လည်း လျှော်ပုံမရ ။ နှုတ်ခမ်းမွေး နှင့် မုတ်ဆိတ်လည်း မရိတ်ပဲ နေချင်သလိုနေပြီး၊ ဖြစ်ချင်ရာ ဖြစ်နေသူ တစ်ယောက်ဖြစ်သည်။

ဆံပင်ညှပ်ပြီး ဆိုင်မှထွက်လာသူက .. ချက်ချင်းနောက်ပြန်လှည့်ကာ ဆိုင်ထဲသို့ပြန်ဝင်သွားပြီး၊ ဆံပင်ညှပ်သမားကို " ခင်ဗျားသိလား! ဆံပင်ညှပ်သမား ဆိုတာလည်း တကယ် မရှိပါဘူး။" လို့ပြန်ပြောလိုက်၏။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ " ဆံပင်ညှပ်သမားက အံ့သြစွာ တုန့်ပြန်လိုက်သည်။
" ကျွန်တော် ဒီမှာဘဲရှိတယ်။ ကျွန်တော်က ဆံပင်ညှပ်သမားဘဲ။ မကြာသေးခင်ကဘဲ ခင်ဗျားကို ကျွန်တော် ဆံပင်ညှပ်ပေးခဲ့တယ်လေ။ "
" မဟုတ်ပါဘူးဗျာ။" လို့ပြောပြီး၊ ဆက်လက်၍ . . . "ဆံပင်ညှပ်သမားသာ တကယ်ရှိမယ်ဆိုရင် ဟိုလမ်းမပေါ်ကလူလို ဆံပင်ရှည်ရှည် မုတ်ဆိတ်နဲ့နှုတ်ခမ်းမွေးတွေ ရှုပ်ပွပြီး၊ ညစ်ပေနေတဲ့ လူမျိုး ရှိပါ့မလား။ " လို့မေးလိုက်၏။
ဆံပင်ညှပ်သမားက "ဟာ! .. ဆံပင်ညှပ်သမားက တကယ်ရှိပါတယ်ဗျာ။ အဲဒီလို လူမျိုးတွေက ကျွန်တော်ရဲ့ဆိုင်ထဲကို မဝင်လာပဲဗျ။"

ထိုသူက အားတက်သရောဖြင့် "သိပ်မှန်တာပေါ့ ။"
" အဲဒါ ကျွန်တော်ပြောချင်တဲ့ .. အဓိကအချက်ဘဲ။ ဘုရား ဆိုတာလည်း တကယ်အသက်ရှင်ပြီး ရှိပါတယ်။ လူတွေကသာ ဘုရားကို .. လျစ်လျူရှုထားပြီး မယုံကြည် အားမကိုးမှု တွေကြောင့် ဒီလောကကြီးထဲမှာ ဒုက္ခတွေ ဝေဒနာတွေ မြောက်များစွာ ခံစားနေကြရပြီး ဝမ်းနည်းမှုတွေနဲ့ ပြည့်နှက်နေတာပါ။" ဟုပြောပြပြီး . . .
သူ့လာလမ်းအတိုင်း တဖြေးဖြေးပြန်လျှောက်ခါ ပျောက်ကွယ်သွားပါတော့သည်။

*မှတ်ချက်။ "The Barber Shop" by unknown ကို ရဲနိုင်ရှင်း (St, Paul) က ဆီလျော်စွာ ဘာသာပြန်ရေးသားသည်။*

## – သတင်းကောင်း / ခွင့်လွှတ်ခြင်းကိုလက်ခံရယူပါ –

သမ္မာကျမ်းစာအားဖြင့် ကျွန်ုပ်တို့ထံသို့ ပေးပို့သော ဘုရားသခင်၏ မေတ္တာစာစောင်တွင် ယော၊ ၃း၁၆ ၌ပါသော "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" ဆိုသည့်ကျမ်းပိုဒ်ကို ဖတ်ပြီးသည်နောက်၊ ထိုပုဂ္ဂိုလ်ယေရှုအကြောင်းကို အထပ်ထပ်အခါခါ စဉ်းစားမိသည်။ သူ..ဘာ့ကြောင့်အသေခံရသနည်း။ သူ့မေတ္တာကလူနည်းစုအတွက်ဘဲလား။ ငါ့အတွက်ရောပါသလား။ သူ့မေတ္တာခံစားဖို့ ငါ့မှာအခွင့်မရှိ ဖြစ်နေသလား?။ .. တွေးမိလေ တိုင်းအဖြေရှာသည်။ မေးမြန်းသည်။ လေ့လာသည်။ ... ဟော!! သိရပါပြီ။ ဘုရားသခင်သည် သူ၏မေတ္တာကို ယေရှုသခင်အားဖြင့် လမ်းကြောင်းဖွင့် ပြင်ဆင်ပေးသည့်အကြောင်း သတင်းကောင်းကို ကြားခဲ့ရပါသည်။ ရောမ၊ ၅း၁–၂ "ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ ရောက်လျှင်၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် ဘုရားသခင့် ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။ ထိုကျေးဇူးတော်ကို ခံစားရသည်အကြောင်းမှာ ယုံကြည်ခြင်းရှိ၍၊ ထိုသခင်အားဖြင့် သာခံစားသောအခွင့်ကို ရကြ၏။"ဆိုထားသဖြင့် ... အပြစ်မှ သခင်ယေရှု၏ကယ်တင်ခြင်းကို ယုံကြည်လက်ခံခဲ့၏။ ဘုရား၏မေတ္တာနှင့်မေတ္တာစာက အကန့်အသတ်မရှိ။ လူတိုင်းအတွက် ဖြစ်၏။ ထိုသခင်၏ ခွင့်လွှတ်ခြင်းက သင်နှင့်ကျွန်ုပ်ကဲ့သို့ လောကီသားများ သန့်ရှင်းစင်ကြယ်စေဖို့ဖြစ်ရာ ထိုခွင့်လွှတ်ခြင်းကိုလက်ခံရယူရန် သက်သေခံ၍ သတင်းကောင်းပါးလိုက်ပါသည်။

# LOVE & Justice

**Nyi Nyi**

မကြာသေးမှီက ယာဉ်စည်းကမ်းဖေါက်ဖျက်မိသည့်အတွက် ဒဏ်ကြေး ရိုက်ခံရ၏။ ပေးရမည့်ဒဏ်ငွေမှာ မနည်းလှပေ။ ဒဏ်ကြေးပေးရန်ကျရောက်လာသည့်အချိန်၌၊ ပေးရမည့် ငွေကို နှမြောမိသည်။ ဤသို့ ဒဏ်ငွေပေးဆောင်မည့်အစား အခြားအသုံးကျမည့်နေရာတွင် သုံးစွဲပါက မည်မျှကောင်းလိမ့်မည်နည်းဟု စဉ်းစားမိပါ၏။ အကယ်၍သာ တစုံတစ်ယောက် သောသူက ဤဒဏ်ငွေကို ဆောင်ပေးလျှင် မည်မျှကောင်းမည်နည်းဟုလည်း တွေးမိသည်။

ထိုအချိန်တွင် ခေါင်းထဲဝင်လာသည့် အတွေးက၊ မိမိသိလျှက်နှင့်သော်၎င်း၊ မသိ၍ သော်၎င်း၊ အမှုမဲ့အမှတ်မဲ့သော်၎င်း၊ မတော်တဆသော်၎င်း၊ မိမိကျူးလွန်၊ ဖေါက်ဖျက်၊ ပြုမှား မိခဲ့သည့်အပြစ် အကြိမ်ပေါင်းများစွာအတွက် အပြစ်ဒဏ်ကို မိမိကိုယ်တိုင်ခံယူရမည့်အစား၊ သခင်ယေရှုက အပြစ်သား၏ကိုယ်စား ကားတိုင်ပေါ်တွင် သူ၏အသက်သွေးကိုသွန်းလောင်း ကာပေးဆပ်ခဲ့ခြင်းဖြင့် အပြစ်ဒဏ်ကြေးမှ လွတ်ကင်းခဲ့ရပါသည်။

သမ္မာကျမ်းစာ၌ ဖေါ်ပြသည်မှာ၊ ကမ္ဘာပေါ်ရှိ နေထိုင်သူများ လူသားအားလုံးသည် ကမ္ဘာဦးမှစ၍ ကမ္ဘာဆုံးသည်အထိ ဒုစရိုက်ကို ကျူးလွန်သူ အပြစ်သားများဖြစ်သည်။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၆၄ း ၆။ ရောမသြဝါဒစာ။ ၃း၉၊ ၃း၂၃ ၊ ၅း၁၂)

အပြစ်ကျူးလွန်မိသည့်အတွက် အပြစ်ဒဏ်ခံထိုက်သည်။ သို့ရာတွင်၊ ကျွန်ုပ်တို့ကိုယ်စား ဝင်ရောက်၍၊ အပြစ်ပေးဒဏ်ကို ခံသွားသူက သခင်ယေရှု ခရစ်တော်ပင် ဖြစ်သည်။ Roman 3:25 – Christ as the sacrifice for sin.

ပထမအချက် စောဒကတက်ဖို့က၊– ဖန်ဆင်းရှင်ဘုရားသခင်က (Genesis 1:1) အပြစ်ရှိသူ လူသားအားလုံးကို လွတ်ငြိမ်းခွင့်ပေးလျက် အပြစ်များကို လျစ်လျူရှုလိုက်လို့ မတရားဘူးလား?။

အပြစ်ကျူးလွန်သူတိုင်း ပြစ်ဒဏ်ခံထိုက်သည်။ ပြစ်မှုထင်ရှားလျှက် အပြစ်ဒဏ်ခံရ မည့်တရားခံအား အပြစ်မှလွတ်ပေးလျှင်၊ ပြစ်ဒဏ်စီရင်သူ တရားသူကြီးသည် မှန်ကန်မှုမရှိ။ တရားမျှတမှု မရှိချေ။

ဘုရားသခင်သည် ဖြောင့်မတ်မှန်ကန်သော ဘုရားဖြစ်၏။ (Roman 3:26) တွင်၊ ဘုရားသခင်သည် လွန်ခဲ့ပြီးသော ဒုစရိုက်အပြစ်များကို မှတ်တော် မမူရာတွင်၊ ဖြောင့်မတ်ခြင်း တရားတော်ကိုထင်ရှားစေခြင်းငှါ၎င်း၊ ယခုကာလ၌ ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေ၍၊ ယေရှုခရစ်ကို ယုံကြည်စေသော သူတို့၏ အပြစ်ကို လွှတ်တော်မူသော်လည်း၊ တရားသဖြင့်ပြု တော်မူခြင်းငှါ၎င်း၊ ယေရှုခရစ်၏အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့်၊ ထိုခရစ်တော်ကို အပြစ် ဖြေစရာအကြောင်း ဖြစ်စေခြင်းငှါ ခန့်ထားတော်မူပြီ ဟုဖေါ်ပြထား၏။

ဒုတိယအချက်ကား၊ သခင်ယေရှုက အပြစ်သားများအားလုံးအတွက် ကားတိုင်ပေါ်တွင် အသေခံသဖြင့် အပြစ်ရှိ လူသားတစ်ယောက်က မိမိအပြစ် လွတ်မြောက်ရန် အတွက် ကိုယ်တိုင် အသေခံလျှင် မရသလော?။

လူသားတစ်ဦးသည် မွေးစကပင် အပြစ်ပါလျက်ရှိပါ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲပါကြောင်းကို ဆာလံကျမ်း ၅၁ း ၅ အရ၊ သိရှိရပါ၏။ အပြစ်ရှိသူ အပြစ်သားတစ်ဦးသည် ပြစ်ဒဏ်ကိုသာ ခံထိုက်၍ မိမိကိုမိမိ မည်သို့မျှ မကယ်တင်နိုင်ချေ။ ကြိုးစားသော်ကား အချည်းနှီး သက်သက်ပင် ဖြစ်သည်။

ထို့အပြင်၊ ကမ္ဘာပေါ်ရှိ လူသားအယောက်စီအတွက် အသေခံသွားသော ယေရှုခရစ်၌ အပြစ်အနာအဆာမရှိ။ လုံးဝအပြစ်ကင်းစင်ကြောင်း သမ္မာကျမ်းစာက ဖေါ်ပြထား၏။

အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော် ၏အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကိုသိမှတ်ကြလော့။ ၁ပေ၊၁း၁၉။

ဘုရားသခင်၏ သားတော်ယေရှုသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာ နိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသော သူဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ဟေဗြဲ၊၄း၁၅။

ထိုအကြောင်းအရာက ဖေါ်ပြသည်မှာ အပြစ်ရှိသူအတွက် အပြစ်မဲ့သူသာလျှင် ရွေးနှုတ် ကယ်ယူနိုင်သည်။

အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့ အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည်အကြောင်းတည်း။ (2 Cor. 5:21)

အထက်ဖေါ်ပြပါအချက်များအရ၊–

မိမိကိုယ်ကို မိမိမကယ်တင်နိုင်သူ အပြစ်သား/အပြစ်ရှိလူသားများ အတွက် မည်သို့အကြောင်းကြောင့် ခရစ်တော်က အပြစ်မရှိ/အပြစ်ကင်းလျက်ပင် ကိုယ်တိုင်ကိုယ် စားဝင်ရောက်၍ အသေခံသွားသနည်း?။

အဖြေကား၊– ကမ္ဘာလူသားများ အပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာကြောင့်ပင် ဖြစ်သည်။ ၁ပေ၊၄း၇–၁၀။ ရောမ၊၅း၈။ တိတု၊၃း၅။ 1Peter 4:7-10, Romans 5:8, Titus 3:5

မိမိကိုယ်စားအသေခံခဲ၊ အပြစ်ကျွေးအတွက် ပေးဆပ်သွားသော ကြီးမားသည့် ချစ်ခြင်းမေတ္တာတော်ကို ဝမ်းမြောက်ဝမ်းသာစွာ လက်ခံယုံကြည်၍၊ ကျေးဇူးတင်လို့မဆုံး ဖြစ်မိပါသည်။ ။

+++++++++++++++++++++++++++++++++++++++

*လူငယ့်အားမာန်*

# Life is Excellent

— Sharing by Vashi Ramchand Chandiramani —

Life is indeed the most excellent of all virtues. If we were to even for a single moment reflect upon Life and its trajectories, all we could be able to perceive is that Life is encompassed and has bestowed each and every one of us with excellence in each sphere and facet of this most adventurous journey called, Life.

Life has always provided each and every one of us with the very best, all times, all instances, always in all ways. We should always appreciate with immense gratitude this precious gift, "Life" that we have been awarded fortunately.

To Live each and every moment with Awareness, Gratitude, Responsibility and Appreciation is an Excellence by itself. We live once. Let us Live excellently, with thanks.

Wish the very best for all, appreciate every moment, hope for the very best with an enthusiastic perspective whilst attending to the concerned assignments with due diligence, prudent acumen, a calibrated approach and a staunch belief that Life is Excellent, for it is truly Excellent.

Best wishes and kind regards to one and all. Wishing each and every person the very best, good luck and success in your endeavors, at all times and instances. May there be always be; peace, love, harmony, prosperity, greater understanding between people and bountiful happiness all across this beautiful universe, to one and all. Remember that life is excellent; there could never be a more precious gift than this. Think and appreciate, visualize and venture ahead with care & responsibility, as well as adopting, adhering, integrating and implementing relevance to the various corresponding facets of life diligently. Take care & all the best!

# "Anyway"

Author Unknown

People are unreasonable, illogical, and self-centered.

Love them anyway.

If you do good, people will accuse you of selfish ulterior motives.

Do good anyway.

If you find serenity and happiness, they may be jealous.

Be happy anyway.

The good you do today will be forgotten tomorrow.

Do good anyway.

Honesty and frankness make you vulnerable

Be frank and honest anyway.

People favor underdogs but will follow only top dogs.

Fight for some underdogs anyway.

People may need help, but may attack you if you help them.

Help people anyway.

What you spend your years building may be destroyed overnight.

Build away.

Give the world the best you have and it may never be enough.

Give the world the best you have anyway.

# BRIGHTEN THE CORNER WHERE YOU ARE — — — သင်ရှိရာ နေရာမှာ ထွန်းလင်းပါ။



Brighten the corner where you are ဓမ္မသီချင်း စာသားကို Ina D. Ogdon ရေးသား၍ Charles H.Gabriel က တေးဂီတကို သီကုံးစပ်ဆိုခဲ့ပါသည်။ Charles သည် တောရွာ၌ ကြီးပြင်းလာသော်လည်း မိသားစု ပိုင်ဆိုင်သော အော်ဂင်ကို ဆရာ မသင်ပြဘဲ၊ နည်းကျအောင် မိမိကိုယ်တိုင် အတတ်သင်ယူခဲ့သူ ဖြစ်သည်။ အသက် ၁၆ နှစ် အရွယ်တွင် သီးချင်းဆို သင်တန်းကျောင်း၌ နည်းပြဆရာအဖြစ် လုပ်ဆောင်ခဲ့သည်။ သီချင်းစပ်ဆို သီကုန်း သည့်အပြင် အသင်းတော်တပါး၌ တေးဂီတဒါရိုက်တာအဖြစ် အမှုတော်ကို ထမ်းဆောင်ခဲ့ပါသည်။ ဓမ္မသီချင်း စာအုပ်ပေါင်း မြောက်မြားစွာကိုလည်း တည်းဖြတ်ရေးသားခဲ့သူ ဖြစ်ပါသည်။

ဤဓမ္မသီချင်းစာသားကို ရေးသားသော Ina D. Ogdon သည် ကောလိပ်အောင်ပြီး Illinois မြို့တွင် ကျောင်းဆရာမအဖြစ် 1892 မှ 1900 အထိ အမှုထမ်းခဲ့ပါသည်။ တရားဟောဆရာမ အဖြစ် အမှုတော်မြတ်ကို ဆက်လက်ထမ်းဆောင်လိုသည်။ သို့သော်လည်း ပျော်ရာမှာမနေ၊ တော်ရာမှာနေရမည် ဆိုသည့်စကားအတိုင်း ဖျားနာနေသောဖခင်ကို အိမ်၌ ကိုယ်ဖိရင်ဖိ စိတ်ချလက်ချ ကြည့်ရှု စောင့်ရှောက် ပြုစုရန်အတွက် သူမသည် တရားဟောဆရာမအဖြစ်အချိန်ပြည့် အမှုတော်မြတ်ကို ထမ်းဆောင်လိုသော ရည်မှန်းချက် အကြံအစည်ကို လက်လွှတ် လိုက်ရသည်။ စွန့်ပစ်လိုက်ရသည်။ ထိုသို့ စွန့်ပစ်လက်လွှတ်လိုက်ရသော်လည်း သူမသည်စိတ်ပျက်အားလျော့မရှိ။ သန့်ရှင်းသောဝိညာဉ်တော်၏ လှုံ့ဆော်မှုမှ ဖြစ်လာသမျှသော စိတ်လှုပ်ရှားမှု ခံစားချက်တို့ကို ရသမျှ အချိန်ဖြင့် အချိန်ရှိခိုက်၊ လှုံ့လစိုက်ပြီး ဝိညာဉ်ခွန်အားရစေသည့် ဓမ္မသီချင်းအမြောက်အမြားကို ရေးသားစပ်ဆိုခဲ့ပါသည်။

ဟိုကွေ့ရောက်၊ ဟိုတက်လျော်၊ ဒီကွေ့ရောက်၊ ဒီတက်လျော်၊ ဆိုသည့်စကားအတိုင်း၊ သူမ ရောက်ရှိရာနေရာ၊  ရောက်ရှိရာအခြေအနေတွင် ဘုရားသခင်အတွက် မတူညီသောနည်းလမ်းအမျိုးမျိုးဖြင့် အမှုတော်မြတ်ကို ထမ်းဆောင်နိုင်ကြောင်း နှင့် ဘုရားသခင် ချပေးသောနေရာ၌ သခင်ခရစ်တော်၏အလင်းတရားကို အကောင်းဆုံး ပြန့်နှံ့နိုင်အောင် အမှုတော်ကို ထမ်းဆောင်ပေးသွားနိုင်ကြောင်းကို အားပေးရေးသားထားသော သီချင်းဖြစ်ပါသည်။ ထို့အပြင် ဘုရားသခင်အတွက် ကြီးကျယ်သောအမှု ကိစ္စကိုမှ လုပ်ဆောင်ရန် မစောင့်ဆိုင်းဘဲ၊ ဘုရားသခင်အတွက် ဝေးလံသောအရပ်သို့ အလင်းတရားပြန့်နှံ့သည်အထိ မစောင့်ဘဲ၊ မိမိ၌ရှိသော ပါရမီစွမ်းအားဖြင့် အမှုကိစ္စ မည်မျှပင် သေးငယ်စေကာမူ မိမိရှိရာနေရာ၌ လုပ်ဆောင်ပေးနိုင်ကြောင်း၊ နှင့် ကိုယ့်ပတ်ဝန်းကျင်တွင် ခရစ်တော်၏အလင်းကို တောက်ပစွာထွန်းလင်း၍ ပျော်ရွှင်စွာဖြင့် စိတ်ဓါတ်နိုးကြားအောင် မျော်လင့်လျက် ကယ်တင်ခြင်းအကြောင်းကို ဝေငှလုပ်ဆောင် ပေးနိုင်ကြောင်းတို့ကို ရေသားထားသောသီချင်းဖြစ်ပါသည်။  ဤသီချင်းကို အမှတ်မထင် ကြားလိုက်သောကြောင့် အလွန်တကိုယ်ကောင်းဆန်သော ကမ္ဘာ့စီးပွားရေး လုပ်ငန်းတခု၏ထိပ်တန်းအရာရှိ တယောက်သည် ကယ်တင်ခြင်းရရှိကာ ပြောင်းလဲသွားကြောင်းကို ဝေငှလိုသည်။

တခါက ကမ္ဘာတဝှန်းလုံး စီးပွားရေးရှိသောလုပ်ငန်းတခုတွင် ဘဏ္ဍာရေး နှင့် ငွေရေးကြေးရေးတို့၌ တဖက်ကမ်းခတ်အောင်ကျွမ်းကျင်သော ထိပ်တန်းအရာရှိ တယောက် ရှိသည်။ သူသည် သူ့နိုင်ငံ၌သာမက ကမ္ဘာတဝန်းလုံး၏ ငွေကြေးလောကတွင် ထိပ်တန်း ရောက်နေသူတဦးဖြစ်သည်။ စီးပွားရေး နှင့် ငွေကြေးလောကထဲသို့၊ ငယ်ရွယ်နုပျိုချိန်၌ ခြေစုံပစ်ဝင်သူဖြစ်သည်။ အခြားဝေယျာကိစ္စများကြောင့် အာရုံပျံ့နှံ့သဖြင့် မအောင်မြင်သူများကိုကြည့်ကာ၊ သင်္ခန်းစာရယူသည်။ ငွေရေးကြေးရေးမှလွဲ၍ အခြားမည်သည့်အရာကို မှ ဦးနှောက်ထဲသို့မထည့်။ နှလုံးသားထဲသို့မသွင်း။ မည်သူ့ကိုမျှ ဂရုစိုက်ခြင်း မရှိ။ အလေးထားခြင်း မရှိ။ စိတ်ဝင်စားခြင်းလည်း မရှိပါ။ အိမ်ထောင်လည်းမရှိ။ တကိုယ်ရည် တကာရ နေသောကြောင့် သူ့စိတ်ကို နူးညံ့ပျော့ပြောင်းစေရန် အိမ်ထောင်သည်ဘဝ မိသားစုဘဝကို ခံစားသောအခွင့်ကိုလည်း မရခဲ့။ သူ့အတွက် အခြားဘာမှမသိ။ လောကတွင် ငွေရေးကြေးရေးကိုသာအဓိကထား၍ အာရုံစိုက်သည်။ ထောင်မြင်လျှင်၊ ရာစွန့်ရန် လုံးဝလက်နှေးသောသူမဟုတ်ပါ။ သို့ဖြစ်သဖြင့် ငွေရေးကြေးရေးနှင့် ပတ်သက်လာလျှင် သူက နီးတူး (No Two) ဘဲ။ သူက Top ဘဲ။ ဘဏ္ဍာရေးနှင့် ပတ်သက်လာလျှင် သူကတဖက်ကမ်းခတ်အောင်တတ်သည်။ ကျွမ်းကျင်သည်။ အတတ်ကြူးတော့၊ ဘီလူးဖြစ် ဆိုသည့်အတိုင်း၊ လူမှုရေးကို လုံးဝနားမလည်တော့ပါ။ စာနာခြင်း၊ ငဲ့ညာခြင်းလုံးဝမရှိ။ သူ့နှလုံးသားသည် သံမဏိ ထက်ပင် မာကျောသည်။ ရေခဲတုံးထက်ပင်ပို၍ အေးစက်သည်ဟုပြောကြသည်။ သူတချက်ကြည့်လိုက်လျှင် သူ့လက်အောက်ငယ်သားများ တုံ့လှုပ်သွားသည်။ ခြောက်ခြားသွားသည် ဟုလည်းပြောကြသည်။ အမှားလုပ်မိသည်ကို သိလို့သာလျှင် သူလှည့်ကြည့်ခြင်း ဖြစ်သည်။ သူ့အထက်အရာရှိများသည်လည်း သူနှင့် စကားစမြည်ပြောရန်၊ ဆက်သွယ်ရန်၊ နားလည်မှုရရန် အလွန်ခက်ခဲသည်ဟု ညီးတွားကြသည်။ တည အပြန်လမ်းခရီးတွင် ဘုရားကျောင်း အဆောက် အဦးတခုနှင့် မလှမ်းမကမ်း တနေရာ၌ သူ့ကားဘီးပေါက်သွားသည်။ ကားဘီးလဲနေစဉ် သူသတိထားမိသည်မှာ လူအများ ဘုရားကျောင်းထဲ သို့ဝင်သွားသည်ကိုတွေ့ရသည်။ လုံးဝစိတ်မဝင်စားပါ။ ကားမောင်း driver ကကြာ မည်ဟု ပြောလိုက်သည်။ စောင့်ရင်း ငြီးငွေ့စရာကောင်းလာသည်။ ပျင်းစရာကောင်းလာသဖြင့် လူ့သဘော သဘာဝအတိုင်း အဘယ့်ကြောင့် ဤမျှများပြားသောလူတို့သည် ဘုရားကျောင်းထဲသို့ သွားကြသည်ကို သိချင်လာသည်။ စူးစမ်းလိုစိတ်ပေါက် လာသဖြင့် ဘုရားကျောင်းထဲသို့ဝင်ထိုင်လိုက်သည်။ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက် ဟုဆိုသကဲ့သို့ ဧဝံဂေလိတရားဟောပြောပွဲတခုနှင့်လာကြုံသည်။ နားထောင်ရန်အမြဲ ငြင်းဆန်သောသူက ဘုရားသခင်၏ လောကသားအပေါ် ထားရှိသော ချစ်ခြင်းမေတ္တာ နှင့် သနားကြင်နာမှု အကြောင်းတို့ကို ပထမဆုံးအကြိမ်ကြားလိုက်သည်။ စိတ်နှလုံး လှုပ်ရှားသွားသည်။ သာယာနာပျော်ဘွယ်ကောင်းအောင် ရှင်းလင်းနားလည်အောင် ပီပီပြင်ပြင်၊ ငြိမ့်ငြိမ့်ညောင်းညောင်း၊ ကောင်းကောင်းမွန်မွန် သီဆိုထားသော Brighten the corner where you are ဓမ္မသီချင်း စာသားကို ကြားရသောအခါ၊ သံမဏိကဲ့သို့ မာကျောသော သူ့စိတ်နှလုံးသားသည် မီးပူနှင့်တွေ့သော ဖယောင်းတုံးကဲ့သို့ အရည်ပျော်

သွားသည်။ ရေခဲထက်ပို၍ အေးစက်သောသူ့နှလုံးသားသည် ပြန်လည်အသက် ဝင်လာသည်။ နွေးထွေးလာသည်။ ငဲ့ငြာတတ်လာသည်။ ကြင်နာတတ်လာသည်။ အရင်နှင့် လုံးဝမတူဘဲ ပြဒါး တလမ်း၊ သံတလမ်း ဖြစ်အောင် ပြောင်းလဲသွားသည်။ တပည့်တော်များကို ညှင်းပန်းနှိပ်စက်၊ ခြိမ်း ခြောက်သတ်ဖြတ်သောတာရှုမြို့သား ရှောလုမှသည် အမှုတော်မြတ်ကို ရွတ်ရွတ်ချွံချွံထမ်းဆောင် သော တမန်တော်ကြီး ရှင်ပေါလုအဖြစ် ပြောင်းလဲသွား သကဲ့သို့ သူပြောင်းလဲသွားပါသည်။ ဘေးကျပ်နမ်ကျပ်၊ အကျပ်စိုက်၊ ချောင်ပိတ်နေသူများ အားကိုးရာ မှီခိုရာ ဖြစ်လာသည်။ သူလက် လှမ်းမှီရာ လူမှုရေးအဖွဲ့အစည်း၊ ကယ်ဆယ်ရေးအဖွဲ့အစည်းများကို အားပေးထောက်ပံ့ သောသူ ဖြစ်လာသည်။ "သစ်တပင်ကောင်းလျှင် ငှက်တသောင်းနားနိုင်သည်။"ဟုပြောနိုင်လောက်အောင် သူ့ရုံး၊ သူ့ရပ်ကွက်၊ သူ့မြို့နယ်၊ သူ့ဘုရားကျောင်း နှင့် သူ့အသိုင်းအဝိုင်း၌ အများတကာလေးစား လောက်အောင် သူငယ်ချင်းအဖြစ်၊ ကူညီသူ အဖြစ်၊ နားထောင်သူ အဖြစ်၊ အားပေးသူ အဖြစ်၊ ငဲ့ငြာသူ အဖြစ်၊ စာနာထောက်ထားသောသူ အဖြစ်၊ ကြင်နာသောသူ အဖြစ်သို့ လုံးဝပြောင်းလဲ သွားကြောင်းကို ညီအစ်ကို မောင်နှမတို့အား လေးစားစွာဖြင့် တင်ပြလိုပါသည်။ အာမင်။

*Do not wait until some deed of greatness you may do,*
*Do not wait to shed your light afar,*
*To the many duties ever near you now be true,*
*Brighten the corner where you are.*

*Refrain: Brighten the corner where you are!*
*Brighten the corner where you are!*
*Someone far from harbor you may guide across the bar;*
*Brighten the corner where you are!*

*Just above are clouded skies that you may help to clear,*
*Let not narrow self your way debar;*
*Though into one heart alone may fall your song of cheer,*
*Brighten the corner where you are.*

*Refrain*

*Here for all your talent you may surely find a need,*
*Here reflect the bright and Morning Star;*
*Even from your humble hand the Bread of Life may feed,*
*Brighten the corner where you are.*

*Refrain*

~~~~~~~~~~~~~~~~~ Sharing by JOHN MA ~~~~~~~~~~~~~~~~~~~~~

# Burn treatment

[ EVERYONE PLEASE SHARE THIS WITH YOUR LOVED ONES! IT'S VERY IMPORTANT! ]

WOW!!! Real interesting! Something I did not know, could come in handy..

I wish when my nephew was badly burned someone had known this.

A young man sprinkling his lawn and bushes with pesticides wanted to check the contents of the barrel to see how much pesticide remained in it. He raised the cover and lit his lighter; the vapors ignited and engulfed him He jumped from his truck, screaming.

His neighbor came out of her house with a dozen eggs and a bowl yelling: "bring me some more eggs!" She broke them, separating the whites from the yolks. The neighbor woman helped her to apply the whites onto the young man's face. When the ambulance arrived and the EMTs saw the young man, they asked who had done this. Everyone pointed to the lady in charge. They congratulated her and said: "You have saved his face."

By the end of the summer, the young man brought the lady a bouquet of roses to thank her. His face was like a baby's skin.

A Healing Miracle for Burns:

Keep in mind this treatment of burns is being included in teaching beginner fireman. First Aid consists of first spraying cold water on the affected area until the heat is reduced which stops thecontinued burning of all layers of the skin. Then, spread the egg whites onto the affected area.

One woman burned a large part of her hand with boiling water. In spite of the pain, she ran cold faucet water on her hand, separated 2 egg whites from the yolks, beat them slightly and dipped her hand in the solution. The whites then dried and formed a protective layer.

She later learned that the egg white is a natural collagen and continued during at least one hour to apply layer upon layer of beaten egg white. By afternoon she no longer felt any pain and the next day there was hardly a trace of the burn. 10 days later, no trace was left at all and her skin had regained its normal color. The burned area was totally regenerated thanks to the collagen in the egg whites, a placenta full of vitamins.

Since this information could be helpful to everyone: Please share it!

~~~~~~~~~~~~~~~~~~~~~~~~~ Sharing by JUNE CHEN ~~~~~~~~~~~~~~~~~~~